# Center for Diversity and National Harmony

## Daily News Letter



No.(12), Shwe Li Street,
Kamayut Township,
Yangon11041, Myanmar



အတွဲ (၁)၊ အမှတ် (၂၈၃,၂၈၄) နေ့စွဲ။ ၁၅.၁၁.၂၀၁၅ (တနင်္ဂနွေနေ့), ၁၆.၁၁.၂၀၁၅ (တနင်္လာနေ့)


| စဉ် | နေ့စွဲ | သတင်းဌာန | အကြောင်းအရာ | အကျဉ်းချုပ် |
|---|---|---|---|---|
| ၁ | ၁၆.၁၁.၁၅ | 7 Day Daily No (919) p (2)<br>The Voice Daily Vol (3) No (190) p (1,3)<br>ပြည်မြန်မာ အတွဲ (၃) အမှတ် (၄၉) p (1,5)<br>The Messenger p(3)<br>Democracy Today အတွဲ (၂) အမှတ် (၃၀၀) p (1,3)<br>The Myanmar Post အတွဲ (၇) အမှတ် (၄၄) p (2) | ဦးသိန်းစိန် | **အာဏာလွှဲပြောင်းရေး သတ်မှတ်ချိန်တွင်း စနစ်တကျလွှဲပြောင်းမည်ဖြစ်ကြောင်းပြော**<br>အစိုးရသစ်ထံ တာဝန်လွှဲပြောင်းမှုကို သတ်မှတ်ထားသည့် အချိန်တွင်း စနစ်တကျလုပ်ဆောင်မည်ဖြစ်ပြီး အသွင်ကူးပြောင်းရေးကို ချောမွေ့စွာဆောင်ရွက်သွားမည်ဟု နိုဝင်ဘာ ၁၅ ရက်က ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတွင်ပြုလုပ်သည့် သမ္မတနှင့် နိုင်ငံရေးပါတီများ တွေ့ဆုံပွဲတွင်ပြောသည်။ တွေ့ဆုံပွဲသို့ နိုင်ငံရေးပါတီ ၉၁ ပါတီ ရှိသည့်အနက် ရန်ကုန်ပါတီ စုစုပေါင်း ၃၉ ပါတီနှင့် နယ်ပါတီ စုစုပေါင်း ၄၇ပါတီ စုစုပေါင်း ၈၆ ပါတီ တက်ရောက်ခဲ့ပြီး နိုင်ငံရေးပါတီအချို့က ၅ မိနစ်ဝန်းကျင်စီ ပြန်လည်တင်ပြဆွေးနွေးခဲ့ကြသည်။ သမ္မတနှင့် နိုင်ငံရေးပါတီများ တွေ့ဆုံပွဲသည် နံနက် ၁၀ နာရီ မှ ၁၁ နာရီခွဲထိ ကြာမြင့်ခဲ့ပြီး ပြည်တွင်းငြိမ်းချမ်းရေး၊ အာဏာလွှဲပြောင်းရေး၊ ချောမွေ့ရေး၊ လာမည့်အစိုးရအနေဖြင့် လက်ရှိအစိုးရအဖွဲ့ မလုပ်နိုင်ခဲ့သည့်ကိစ္စများကို ဆက်လက်ဆောင်ရွက်ရေး၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ပြဋ္ဌာန်းချက်များနှင့်အညီ မြန်မာနိုင်ငံ၏ ဒီမိုကရေစီကူးပြောင်းရေးလုပ်ငန်းကို ချောမွေ့စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြောသည်။ ထို့ပြင် ရွေးကောက်ပွဲရလဒ်များမှတစ်ဆင့် အစိုးရသစ်ထံ အာဏာလွှဲပြောင်းရာတွင် တည်ငြိမ်မှုရှိရေးအတွက် ရွေးကောက်ပွဲအနိုင်ရသူတစ်ဦးတည်းနှင့်ဆောင်ရွက်ရန် မဖြစ်နိုင်ကြောင်းကိုလည်း နိုင်ငံတော်သမ္မတပြောရေးဆိုခွင့်ရှိသူ ပြန်ကြားရေးဝန်ကြီးဌာန ဦးရဲထွဋ်က ဆိုသည်။<br>ရန်မျိုးနိုင် |
| ၂ | ၁၆.၁၁.၁၅ | ပြည်မြန်မာ အတွဲ (၃) အမှတ် (၄၉) p (2)<br>The Myanmar Post အတွဲ (၇) | ဦးသိန်းစိန် | ပညာရေးဥပဒေကို ဆန့်ကျင်လှုပ်ရှားသော ဖမ်းဆီးခံကျောင်းသားများပြန်လွှတ်ပေးရေးကို တရာစီရင်ရေးကဏ္ဍပြီးမှ သမ္မတစဉ်းစားမည်<br>အမျိုးသားပညာရေးဥပဒေကို ကန့်ကွက်သည့် လှုပ်ရှားမှုကြောင့် ဖမ်းဆီးခံထားရသော ကျောင်းသားများကို ပြန်လွှတ်ပေးရေးမှာ တရားစီရင်ရေး၏ အခန်းကဏ္ဍပြီးမှသာ နိုင်ငံတော်သမ္မတ |

| | | | | |
|---|---|---|---|---|
| | | အမှတ် (၄၄) p (3) | | က စဉ်းစားရမည့်အရာဖြစ်ကြောင်း နိုင်ငံတော်သမ္မတပြောရေးဆိုခွင့်ရှိသူ ဦးရဲထွဋ်ကဆိုသည်။ ပညာရေးဥပဒေပြင်ဆင်ရန် ဆန္ဒပြသည့် ကျောင်းသားများနှင့် နိုင်ငံရေးအကျဉ်းသားများကို သမ္မတကြီး၏ သက်တမ်းအတွင်း လွတ်ငြိမ်းချမ်းသာခွင့်ပေးပါဟု လူမျိုးပေါင်းစုံဒီမိုကရေစီပါတီ ကယားပြည်နယ်မှ ဗဟိုကော်မတီဝင် နော်နူဒီး၏ပြောကြားချက်ကို ယခုကိစ္စသည် တရားရုံးတွင် အမှုစွဲထားသည့် ကိစ္စဖြစ်သည့်အတွက် သမ္မတမှ ဝင်ရောက်စွက်ဖက်ပိုင်ခွင့်မရှိကြောင်း တရားရုံးကိစ္စပြီးပြတ်သွားမှသာ သမ္မတက အခြေခံဥပဒေအရ လုပ်ပိုင်ခွင့်နှင့်စဉ်းစားပြီး လုပ်ဆောင်ရမှာဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။<br>အေဝိုင်အီး၊ မြတ်သူအောင် |
| ၃ | ၁၆.၁၁.၁၅ | ပြည်မြန်မာ အတွဲ (၃) အမှတ် (၄၉) p (6) | ဦးသိန်းစိန် | **နိုင်ငံတော်သမ္မတအား ဖခင်ကြီးဟုပြောပြီး တိုင်းရင်းသား ၁၃၅ မျိုး ဦးဆောင်သည့် အမျိုးသားအစိုးရဖွဲ့ရန် NLD ကို ဦးနေမျိုးဝေ တိုက်တွန်း**<br>နိုင်ငံတော်သမ္မတကြီးသည် စနစ်ပြောင်း ခေတ်ပြောင်းတွင် ဦးဆောင်ခဲ့သော နိုင်ငံ၏ဖခင်ကြီးအဖြစ် သတ်မှတ်နိုင်ပြီး အစိုးရသစ်တာဝန်ယူမည့် NLD ပါတီအနေဖြင့်လည်း တိုင်းရင်းသား ၁၃၅ မျိုးကိုသာကိုယ်စားပြုသော အမျိုးသားအစိုးရတစ်ရပ်ကို ဖော်ဆောင်စေလိုကြောင်း မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ၏ ဥက္ကဋ္ဌ ဦးနေမျိုးဝေကပြောသည်။ နိုင်ငံတော်သမ္မတကြီးအနေဖြင့် မိမိတို့နိုင်ငံ စနစ်ပြောင်းခေတ်ပြောင်းတွင် ဦးဆောင်ရသည့် နိုင်ငံ၏ဖခင်ကြီးအဖြစ် မိမိတို့ပါတီရင်ထဲတွင် အသိအမှတ်ပြုပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီးအနေဖြင့် သက်တမ်းကုန်ဆုံးသွားပြီးနောက်တွင်လည်း နိုင်ငံ့ဖခင်ကြီးအတိုင်း နိုင်ငံတွင်းမှာရှိသည့် ပြည်သူလူထုများကို အခါအခွင့်သင့်သလို ဟောပြောဆုံးမပေးပါရန်အလိုရှိကြောင်းဆိုသည်။ NLD ပါတီအနေဖြင့်လည်း အမျိုးသားရေးဟူသောစကားလုံးကို ပါတီထိပ်ဆုံးတွင်ထားပြီး နိုင်ငံရေးတွင် အမျိုးသားရေးကို ရှေ့တန်းတင်စေလိုကြောင်းပြောသည်။<br>Iris |
| ၄ | ၁၆.၁၁.၁၅ | 7 Day Daily No (919) p (5)<br>Daily Eleven p (2)<br>The Myanmar Post အတွဲ (၇) အမှတ် (၄၄) p (3) | သူရဦးရွှေမန်း | **သူရဦးရွှေမန်းနှင့် ဒေါ်အောင်ဆန်းစုကြည် နိုဝင်ဘာ ၁၉ ရက်တွင် တွေ့ဆုံမည်**<br>အမျိုးသားပြန်လည်သင့်မြတ်ရေး သဘောထားကို အခြေခံသည့် တွေ့ဆုံဆွေးနွေးမှုကို ပြည်ထောင်စုလွှတ်တော် နာယက သူရဦးရွှေမန်းနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့ နိုဝင်ဘာ ၁၉ ရက် နံနက်တွင် တွေ့ဆုံမည်ဖြစ်သည်။ ယင်းသို့ တွေ့ဆုံမှုမတိုင်ခင် ၄င်းတို့နှစ်ဦးသည် နိုဝင်ဘာ ၁၅ ရက်က ပြည်ထောင်စုလွှတ်တော်တွင် ပဏာမတွေ့ဆုံခဲ့သည်။<br>ရန်မျိုးနိုင် |

| | | | | |
|---|---|---|---|---|
| ၅ | ၁၅.၁၁.၁၅ | Daily Eleven Pg (15) | ဒေါ်အောင်ဆန်း စုကြည် | **ကျောင်းသားများ၏ လုပ်ဆောင်ချက်ကို ဂုဏ်ယူသော်လည်း အပြောင်းအလဲကာလ၌ မလိုလားအပ်သောပြဿနာများမဖြစ်ရေး အစာငတ်ခံဆန္ဒပြမှုများ ရပ်တန့်ရန် ဒေါ်အောင်ဆန်းစုကြည် မေတ္တာရပ်ခံ**<br>အကျဉ်းထောင်အတွင်း အစာငတ်ခံ ဆန္ဒပြနေသော ကျောင်းသားများနှင့်ပတ်သက်၍ ဂုဏ်ယူသော်လည်း အပြောင်း အလဲကာလ၌ မလိုလားအပ်သော ပြဿနာများဖြစ်ပေါ်မည်စိုးသောကြောင့် အစာငတ်ခံဆန္ဒပြမှုအား ရပ်တန့်ပေးရန် မေတ္တာရပ်ခံကြောင်း ဒေါ်အောင်ဆန်းစုကြည်က ဦးဝင်းထိန်မှတစ်ဆင့်ပြောသည်။ ကျောင်းသားများ အစာငတ်ခံဆန္ဒပြမှုမှတစ်ဆင့်ဘေးထွက်ဆိုးကျိုးများဖြစ်လာနိုင်ပြီး အပြောင်းအလဲကာလ၌ ပဋိပက္ခအသွင်ဆောင်သော ပြဿနာများဖြစ်လာနိုင်သည့်အတွက် အစာငတ်ခံဆန္ဒပြမှုကို ရပ်တန့်ပေးရန် မေတ္တာရပ်ခံကြောင်း၊ အမိန့်ပေးခြင်းမျိုး မဟုတ်ဘဲ စဉ်းစားဆုံးဖြတ်ပြီးမှ လုပ်ဆောင်စေချင်သည်ဟု ဒေါ်အောင်ဆန်းစုကြည်က ဦးဝင်းထိန်မှတစ်ဆင့် ကျောင်းသားများအား ပြောဆိုခိုင်းခဲ့သည်။ အစာငတ်ခံဆန္ဒပြမှုတွင် ကိုအောင်မိုး ဆန်းအပါအဝင် ကိုသန်းထိုက်၊ ကိုမာနော်၊ ကိုဆွေလင်းထွန်း၊ ကိုကျော်စွာလင်း၊ ကိုမျိုးထက်နိုင်၊ ကိုဖြိုးခနချစ်လင်းသိုက်နှင့် ကိုမျိုးမြတ်စံတို့လည်း ပါဝင်ကြသည်။ |
| ၆ | ၁၆.၁၁.၁၅ | ပြည်မြန်မာ အတွဲ (၃) အမှတ် (၄၉) p (3) | ဒေါ်အောင်ဆန်း စုကြည် | **သမ္မတအထက်တွင် နေမည်ဆိုသည့် ဒေါ်အောင်ဆန်းစုကြည်၏ စကားကို ဥပဒေအရ ဆောင်ရွက်ရန် နိုင်ငံတော် သမ္မတအား ဦးကောင်းမြတ်ထွဋ် တင်ပြ**<br>ဒေါ်အောင်ဆန်းစုကြည်ပြောခဲ့သည့် သမ္မတအထက်မှနေ၍ ညွှန်ကြားမှု ပေးမည်ဆိုသည့်စကားကို ဖွဲ့စည်းပုံ အခြေခံဥပဒေကို ထိပါးစော်ကားမှုများရှိနေသည့်အတွက် ကာလုံအစည်းအဝေးအရ ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်စေလိုကြောင်း နိုင်ငံတော် သမ္မတအား တင်ပြပါသည်ဟု မြန်မာအမျိုးသားကွန်ဂရက်ပါတီမှ ဦးကောင်းမြတ်ထွဋ်ကပြောသည်။ အစိုးရတစ်ရပ်ဖွဲ့နိုင်ရန် အလားအလာရှိသည့် NLD အဖွဲ့ချုပ်ဥက္ကဋ္ဌ၏ ပြည်တွင်းပြည်ပ သတင်းဌာနများကို ပြောကြားရာတွင် နိုင်ငံတော်သမ္မတအထက်တွင် ၎င်းကတည်ရှိပြီး ႏိုင်ငံကို ဦးဆောင်သွားမည် နောက်တက်မည့် သမ္မတအသစ်တွင် လုပ်ပိုင်ခွင့်တစ်စုံတစ်ရာမရှိဘဲ ၎င်းကသာ ညွှန်ကြားခိုင်းစေမည်ဟု အဓိပ္ပာယ်ရသည့်အချက်ကို ရည်ရွယ်ချက်ရှိရှိ တင်ပြသွားခြင်းဖြစ်သည်။ ယင်းအချက်ကို ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းကာ ဖြစ်သင့်ဖြစ်ထိုက်သည်ကို ဆောင်ရွက်ပေးပါကြောင်း တင်ပြထားသည်။<br>မြတ်သူအောင်၊ Iris |

| | | | | |
|---|---|---|---|---|
| ၇ | ၁၅.၁၁.၁၅ | Daily Eleven Pg (5) | Election | **ပြည်နယ်နှင့် တိုင်းလေးခုရှိ မဲရုံများအား စောင့်ကြည့်မှုအရ ပယ်မဲထက်ဝက်ခန့်မှာ မဲရုံမှူးလက်မှတ်မပါ၍ဖြစ်ကြောင်း Hornbill အဖွဲ့၏ ရွေးကောက်ပွဲကနဦးလေ့လာတွေ့ရှိချက် အစီရင်ခံစာ ဖော်ပြ**<br>တိုင်းဒေသကြီးနှင့် ပြည်နယ်လေးခုရှိ မဲရုံနေရာ ၃၅၀ နေရာအား လေ့လာစောင့်ကြည့်မှုအရ ပယ်မဲနှစ်သောင်းကျော်ရှိခဲ့ပြီး ထက်ဝက်ခန့်မှာ မဲရုံမှူးလက်မှတ်မပါ၍ဖြစ်ပြီး ကျန်ပယ်မဲများမှာ မဲဆန္ဒရှင်များ၏ အသိပညာနည်းပါးမှုကြောင့်ဖြစ်ကြောင်း Hornbill အဖွဲ့၏ ရွေးကောက်ပွဲ ကနဦးလေ့လာတွေ့ရှိချက် အစီရင်ခံစာက ဖော်ပြသည်။ ကိုယ်စားလှယ်လောင်းများ၏ အသိပညာပေးမှု အားနည်းခြင်းကြောင့် မဲဆန္ဒရှင်များမှာ မိသားစု၊ ဆွေမျိုးများကိုယ်စား မဲပေးမှုဖြစ်စဉ်များ ၆ ဒသမ ၆ ရာခိုင်နှုန်းခန့် လေ့လာတွေ့ရှိခဲ့ကြောင်း၊ လျှို့ဝှက်စွာမဲပေးနိုင်မှုဖြစ်စဉ်သည် ယေဘုယျအားဖြင့် ၆၀ ဒသမ ၃ ရာခိုင်နှုန်းခန့် ကောင်းမွန်သော်လည်း အချို့သောဒေသများတွင် မဲရုံအတွင်း ဆန္ဒမဲပေးသူများပြားထူထပ်နေခြင်း၊ မဲရုံတွင်မသက်ဆိုင်သောပုဂ္ဂိုလ်များ ဝင်ထွက်ခြင်းများကြောင့် လျှို့ဝှက်ဆန္ဒမဲပေးမှုဖြစ်စဉ်အား အနှောင့်အယှက် ဖြစ်စေခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ အစီရင်ခံစာနှင့် ပတ် သက်၍ နိုဝင်ဘာ ၁၄ ရက်နေ့က ရန်ကုန်မြို့ ဒိုင်းမွန်းကွန်ဒိုတွင် သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ခြင်းဖြစ်သည်။<br>ဆန်းထူးအောင် |
| ၈ | ၁၆.၁၁.၁၅ | 7 Day Daily No (919) p (1,2) | NLD | **ဒီချုပ်၏ ရွေးကောက်ပွဲနိုင်ခြင်း၏ကောင်းကျိုး ပြည်ပရောက် မြန်မာလုပ်သားများ စတင်ခံစားရ**<br>ရွေးကောက်ပွဲတွင် ဒေါ်အောင်ဆန်းစုကြည်၏ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနိုင်ရရှိမှုကြောင့် ဒေသတွင်းနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်သော မြန်မာနိုင်ငံသားများအပေါ် အလုပ်ရှင်များက ပြောဆိုဆက်ဆံလာမှု ပြောင်းလဲလာပြီး လုပ်အားခလစာတိုးမြှင့်ပေးမှုများ ရှိနေကြောင်းသိရသည်။ ဒီချုပ်အနိုင်ရကြောင်း ကြားသိရပြီးနောက် မြန်မာလုပ်သားများအပေါ် ဂုဏ်ပြုစကားပြောကြားပြီး ဆက်ဆံမှုများလည်း ပြောင်းလဲလာခဲ့ကြောင်း တိုင်းတစ်ပါးသို့ သွားရောက်အလုပ်လုပ်ကိုင်နေသည့် မြန်မာလုပ်သားများကဆိုသည်။ ထိုင်းနိုင်ငံရှိ အလုပ်ရှင်များမှာလည်း မြန်မာနိုင်ငံ၏ပြောင်းလဲမှုအပေါ် စောင့်ကြည့်နေပြီး အချို့လုပ်ငန်းများသည် မြန်မာလုပ်သားများအပေါ် ရက်မှန်ကြေးများ စတင်ပေးနေပြီဖြစ်ကြောင်း ထိုင်းနိုင်ငံရှိ ရွှေ့ပြောင်းအလုပ်သမား အခွင့်အရေးကွန်ရက် ဥက္ကဋ္ဌ ဦးစိန်ဌေးကပြောသည်။ မလေးရှားနိုင်ငံရှိ အလုပ်ရှင်အချို့လကည်း ၎င်းတို့၏မြန်မာလုပ်သားများနှင့်တွေ့ဆုံပြီး ဂုဏ်ပြုပြောကြားမှုများရှိကြောင်း အလုပ်သမားတစ်ဦးဖြစ်သူ ကိုမြင့်ဝင်းကပြောသည်။ |

| | | | | |
|---|---|---|---|---|
| | | | | ငြိမ်းချမ်း |
| ၉ | ၁၆.၁၁.၁၅ | The Messenger p (3) | NLD | **NLD နှင့် ဆရာများအဖွဲ့ချုပ်တွေ့ဆုံဆွေးနွေးမည်**<br>အစိုးရသစ်တစ်ရပ် မဖွဲ့စည်းခင် NLD ပါတီနှင့် မြန်မာနိုင်ငံဆိုင်ရာ ဆရာ/ ဆရာမများ အဖွဲ့ချုပ်တို့ ဆွေးနွေးသွားမည်ဖြစ်ကြောင်း ဆရာများအဖွဲ့ချုပ်ထံမှသိရသည်။ NLD ပါတီသည် အစိုးရသစ်တစ်ရပ်အနေဖြင့် ဖွဲ့စည်းခွင့်ရမည်ဖြစ်ပြီး ယင်းပါတီ အစိုးရသစ်တစ်ရပ်မဖွဲ့စည်းခင် အချိန်တွင် ပညာရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆရာများအဖွဲ့ချုပ်မှဥက္ကဋ္ဌ ဒေါက်တာသက်နိုင်ဦးကဆိုသည်။ ဆရာများအဖွဲ့ချုပ်အနေဖြင့် ပညာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေးများ၊ အောက်ခြေပညာရေးဝန်ထမ်းများ၏ အခက်အခဲများနှင့် ပတ်သက်၍ ဆွေးနွေးမည်ဖြစ်သည်။<br>K.W.M |
| ၁၀ | ၁၅.၁၁.၁၅ | စံတော်ချိန် အတွဲ (၃) အမှတ် (၉၃၅) Pg (24, 3) | NLD | **လွှတ်တော်ကိုယ်စားလှယ်နေရာ ၁၁၅၀ အနက် NLD ပါတီ ၈၇၁ ဦးအထိ အနိုင်ရထား**<br>ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်သည့် ရွေးကောက်ပွဲအနိုင်ရ လွှတ်တော်ကိုယ်စားလှယ်လောင်း စာရင်းများအား ထုတ်ပြန်ရာတွင် နိုဝင်ဘာ ၁၄ ရက်နေ့အထိ ထုတ်ပြန်ပြီးသည့်စာရင်းများအရ လွှတ်တော်အသီးသီး၌ စုစုပေါင်းကိုယ်စားလှယ် ၁၁၅၀ ရှိသည့်အနက် NLD က ၈၇၀ ဦးအထိ အနိုင်ရရှိထားပြီးဖြစ်သည်။ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နှစ်ရပ်ပေါင်း အနိုင်ရကိုယ်စားလှယ် စုစုပေါင်း ၄၇၈ ဦး ရှိသည့်အနက် NLD က ၃၈၇ ဦး ပါဝင်ကာ ၈၀ ရာခိုင်နှုန်းအထိ အနိုင်ရရှိထားသည်။ ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော်များတွင်လည်း ကိုယ်စားလှယ် ၆၁၂ ဦးရှိသည့်အနက် NLD က ၄၆၉ ဦး အနိုင်ရရှိထားပြီးဖြစ်သည်။ တိုင်းရင်းသားရေးရာ ကိုယ်စားလှယ်နေရာတွင်လည်း စုစုပေါင်း ၂၉ နေရာရှိသည့်အနက် ၁၅ နေရာအထိ အနိုင်ရရှိထားပြီးဖြစ်သည်။ |
| ၁၁ | ၁၆.၁၁.၁၅ | The Voice Daily Vol (3) No (190) p (3) | NLD | **အမျိုးသားရင်ကြားစေ့ရေးမူ ကိုင်စွဲကာ ရှေ့ဆက်လုပ်ဆောင်မည်ဟု ဦးဉာဏ်ဝင်းပြော**<br>NLD ပါတီက အမျိုးသားရင်ကြားစေ့ရေးမူကို ဆက်လက်ကိုင်စွဲကာ လုပ်စရာရှိသောကိစ္စရပ်များကို ငြိမ်းချမ်းသည့်နည်းဖြင့် ရှေ့ဆက်လုပ်ဆောင်မည်ဖြစ်ကြောင်း NLD ပါတီ ဗဟိုအလုပ်အမှုဆောင် ဦးဉာဏ်ဝင်းက နိုင်ငံတော်သမ္မတနှင့် နိုင်ငံရေးပါတီ ၈၆ ပါတီမှ ခေါင်းဆောင်များ ရန်ကုန်တိုင်း အစိုးရအဖွဲ့ရုံးတွင် တွေ့ဆုံရာတွင်ဆိုသည်။ ၁၉၈၈ ပါတီစထောင်စဉ်ကပင် ယင်းမူဝါဒကို လက်ကိုင်ထားခြင်းဖြစ်ပြီး နောင်တွင်မိမိတို့ပါတီ အစိုးရဖွဲ့နိုင်ခဲ့လျှင် |

| | | | | |
|---|---|---|---|---|
| | | | | လည်း ယင်းမူဝါဒကို လက်ကိုင်ထားကာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ကိုင်စွဲသွားမည်ဖြစ်သည်။<br>ရန်ကုန် |
| ၁၂ | ၁၆.၁၁.၁၅ | Democracy Today အတွဲ (၂) အမှတ် (၃၀၀) p (4) | ပါတီ | **ရွေးကောက်ပွဲရလဒ်ကို သုံးသပ်ပြီး ရှေ့ဆက်ရပ်တည်ရေးလုပ်ငန်းစဉ်များအတွက် UNA အစည်းဝေးပြုလုပ်**<br>ရွေးကောက်ပွဲရလဒ်ကို သုံးသပ်ပြီး ရှေ့ဆက်ရပ်တည်ရန်လုပ်ငန်းစဉ်များအတွက် UNA မှ ဦးခွန်ထွန်းဦး၊ ဦးစိုင်းညွန့်လွင်၊ ဦးအေးသာအောင်တို့ နိုဝင်ဘာ ၁၄ ရက်က တွေ့ဆုံခဲ့ရာတွင် ရွေးကောက်ပွဲ အပြီးသတ်ရလဒ်များကြေညာပြီးနောက် UNA အစည်းဝေးပြုလုပ်ရန် သဘောတူခဲ့သည်။ UNA တွင် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်၊ ရခိုင်အမျိုးသားပါတီ၊ မွန်အမျိုးသားပါတီ၊ ကရင်အမျိုး သားပါတီ၊ ဇိုမီးနေရှင်နယ်ကွန်ဂရက်၊ ကချင် KNCT၊ ကိုးကန့်ဒီမိုကရက်တစ်ပါတီ စသည့်တိုင်းရင်းသားပါတီ ရှစ်ခုဖြင့် မဟာမိတ်ဖွဲ့စည်းထားသည်။<br>TS |
| ၁၃ | ၁၅.၁၁.၁၅ | The Messenger Pg (4) | ပါတီ | **ရခိုင်အမျိုးသားပါတီ ရွေးကောက်ပွဲရလဒ်အပေါ် ဆွေးနွေး**<br>အထွေထွေရွေးကောက်ပွဲ ရလဒ်နှင့်ပတ်သက်၍ ရခိုင်အမျိုးသားပါတီက ပါတီတွင်းဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ပါတီဥက္ကဋ္ဌ ဒေါက်တာအေးမောင်ကပြောသည်။ ရွေးကောက်ပွဲ၌ ရခိုင်ပြည်နယ်အတွင်း တိုင်းဒေသကြီးအစိုးရဖွဲ့နိုင်ရေးအတွက် အဓိကအားထားယှဉ်ပြိုင်ခဲ့သော် မဲဆန္ဒနယ်များတွင် ရှုံးနိမ့်ခဲ့ခြင်းနှင့် ပတ်သက်၍ ပါတီတွင်းစည်းရုံးရေးနှင့် လမ်းစဉ်မူဝါဒများကို ပြန်လည်ညှိနှိုင်းနိုင်ရန်နှင့် ရွေးကောက်ပွဲရလဒ်အပေါ် ဆွေးနွေးမှုပြုနိုင်ရန်အတွက် ဆွေးနွေးမှု ပြုလုပ်ရခြင်းဖြစ်ကြောင်း ဒေါက်တာအေးမောင်ကပြောသည်။ လာမည့် ဒီဇင်ဘာလအတွင်း စစ်တွေမြို့၌ ဒေါက်တာအေးမောင်အား လူထုထောက်ခံသည့်ပွဲတစ်ရပ် ကျင်းပပြုလုပ်ရန်ရှိသည်ဟုလည်း သိရသည်။ ၎င်းအနေဖြင့် ပါတီမှနုတ်မထွက်ဘဲ ရခိုင်အမျိုးသားပါတီမှ ဆက်လက်တာဝန်ထမ်းဆောင်ရေး၊ ရခိုင်အကျိုးစီးပွားအတွက် မားမားမတ်မတ်ဆက်လက်ရပ်တည်ဆောင်ရွက်ရန် ရည်ရွယ်ပြီး ကျင်းပမည်ဖြစ်သည်ဟုသိရသည်။ ဒေါက်တာအေးမောင်သည် ရွေးကောက်ပွဲတွင် မာန်အောင်မြို့နယ်မှ ဝင်ရောက်ယှဉ်ပြိုင်ရာ ရှုံးနိမ့်ခဲ့သည်။ |
| ၁၄ | ၁၆.၁၁.၁၅ | 7 Day Daily No (919) p (6) | မဘသ | **NLD အနိုင်ရမှုကို မဘသ ဆရာတော်များ သတိထားကြိုဆို**<br>NLD ပါတီမှ ရွေးကောက်ပွဲတွင် အပြတ်အသတ်အနိုင်ရရှိသွားခြင်းကို မဘသ ဆရာတော်တချို့က သောကြာနေ့တွင် ကြိုဆိုလိုက်ပြီး အငြင်းပွားဖွယ်ရာ မျိုးစောင့်ဥပဒေ ပြင်ဆင်၊ ဖျက်သိမ်းရေးများကို မလုပ်ရန်လည်း သတိပေးလိုက်သည်။ NLD ပါတီကို မဲမပေးဖို့ အမျိုးဘာသာသာသနာစောင့်ရှောက်သည့် ပါတီကိုသာ |

| | | | | |
|---|---|---|---|---|
| | | | | မဲပေးရန် တိုက်ရိုက်လှုံ့ဆော်မှုများ၊ သွယ်ဝိုက်လှုံ့ဆော်မှုများဖြင့် နိုင်ငံအနှံ့ မဲဆွယ်စည်းရုံးချိန်တွင် ပေါ်ပေါက်ခဲ့ပြီး၊ NLD သာ အနိုင်ရခဲ့လျှင် ရခိုင်ပြည်နယ်အတွင်းမှ ရိုဟင်ဂျာများ နိုင်ငံသားဖြစ်သွားမယ်ဟု ကန့်ကွက်သူများကဆိုသည်။ ဆရာတော်ဦးဝိမလဗုဒ္ဓိက ဒေါ်အောင်ဆန်းစုကြည် နိုင်ငံအုပ်ချုပ်ဖို့ အချိန်မတန်သေးဘူးဟု ရွေးကောက်ပွဲတွင် မိန့်ကြားခဲ့ဖူးသည်။ NLD အစိုးရဖွဲ့ပြီးလျှင် မျိုးစောင့်ဥပဒေကို ပြင်ဆင်၊ ဖျက်သိမ်းမည်ကို စိုးရိမ်ကြောင်း ဆရာတော်ဦးဝီရသူက မိန့်ကြားသည်။ မဘသ၏ ရပ်တည်ချက်ကိုက ယင်းဥပဒေများကို ကာကွယ်ဖို့ဖြစ်ကြောင်း ဦးဆောင်ဆရာတော်များက အတိအလင်းကြေညာထားသည်။<br>အိချယ်ရီအောင်၊ ဖြိုးသီဟ/ချို |
| ၁၅ | ၁၆.၁၁.၁၅ | The Messenger p (5) | ငြိမ်းချမ်းရေး | **နိုင်ငံရေးအာမခံချက်ရှိပါက လက်ရှိ အစိုးရလက်ထက်တွင် NCA လက်မှတ်ရေးထိုးရန် အဆင်သင့်ရှိဟု UNFC ဆို**<br>နိုင်ငံရေးအရ၊ စစ်ရေးအရ အာမခံချက်ရှိပါက လက်ရှိ အစိုးရလက်ထက်တွင် ကျန်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ အစည်းများက NCA တွင် လက်မှတ်ရေးထိုးရန် အသင့်ရှိကြောင်း UNFC မှ ဒုတိယဥက္ကဋ္ဌ နိုင်ဟံသာကဆိုသည်။ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၈) ဖွဲ့တို့သာ လက်မှတ်ထိုးထားပြီး ချင်းအမျိုးသားတပ်ဦး CNF နှင့် ပအိုဝ့်လွတ်မြောက်ရေးအဖွဲ့ချုပ်တို့ UNFC အဖြစ်မှ ယာယီရပ်ဆိုင်းခံထားရသည်။ UNFC တွင် တိုင်းရင်းသားလက်နက်ကိုင် ၁၂ ဖွဲ့ ပါဝင်ပြီး တိုင်းရင်းသားလက်နက်ကိုင်လေးဖွဲ့မှာ NCA ကို လက်မှတ်ရေးထိုးထားသည်။ နောက်တက်မည့် အစိုးရအဖွဲ့နှင့်မှ လက်မှတ်ထိုးမည်ဆိုသည့် ဆုံးဖြတ်ချက်မျိုးမရှိဘဲ မည်သည့်အစိုးရနှင့်ပဲဖြစ်ဖြစ် ၎င်းတို့လိုချင်သည့် အာမခံချက်မျိုးရရှိလျှင် လက်မှတ်ထိုးမည်ဖြစ်ကြောင်း နိုင်ဟံသာကပြောသည်။<br>ဆုမင်းကို |
| ၁၆ | ၁၆.၁၁.၁၅ | Daily eleven p (2,3) | ငြိမ်းချမ်းရေး | **ကချင်ပြည်နယ် မိုးညှင်းမြို့အနီးတွင် တပ်မတော်နှင့် ကေအိုင်အေ လက်နက်ကိုင်တပ်ဖွဲ့တို့ ပစ်ခတ်မှုဖြစ်**<br>ကချင်ပြည်နယ် မိုးညှင်းမြို့နှင့် ခြောက်မိုင်ခန့်နှင့် မိုင်းပုတ်ကျေးရွာ၊ ညောင်ကိုင်းကျေးရွာများမှ သုံးမိုင်ခန့်သာဝေးပြီး မိုးညှင်းမြို့အခြေစိုက် တပ်ရင်းများရှိ အရှေ့တောင်ပေါ်တွင် တပ်မတော်နှင့် ကေအိုင်အေလက်နက်ကိုင်အဖွဲ့တို့မှ မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီထိ လက်နက်ငယ်၊ လက်နက်ကြီးများ ဖြင့် ပစ်ခတ်တိုက်ခိုက်သံကိုကြားရကြောင်း မိုးညှင်းမြို့ ဒေသခံတစ်ဦးဖြစ်သူ ဦးအောင်မိုင်းက နိုဝင်ဘာ ၈ ရက်က ပြောသည်။ မြစ်ကြီးနားမြို့ ငြိမ်းချမ်းရေး အကျိုးဆောင်အဖွဲ့ဝင်များက ယင်းပစ်ခတ်မှုများကို ကြားသိထားခြင်းမရှိကြောင်း၊ မိုးညှင်းအရှေ့တောင်တွင် ကေအိုင် |

| | | | | |
|---|---|---|---|---|
| | | | | အိုတပ်ရင်း (၅) မှာ ဖြတ်သန်းခြင်းနှင့် ရှေ့တန်းစခန်းများ အခြေကျ ရာနေရာဖြစ်ကြောင်း ဖြေကြားသည်။<br>ထွန်းလင်းအောင် |
| ၁၇ | ၁၅.၁၁.၁၅ | Daily Eleven Pg (3) The Voice Daily Vol.3 No.189 Pg (2, 10) | ငြိမ်းချမ်းရေး | **တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို လွှတ်တော်တွင် အတည်ပြုချက်ရယူနိုင်ရေး ဆွေးနွေးမည့် ညှိနှိုင်း အစည်းအဝေး ကျင်းပမည်**<br>NCA ကို လွှတ်တော်တွင် အတည်ပြုချက် ရယူနိုင်ရေး အတွက် ဆွေးနွေးမည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်း အဝေး (JICM) ကို နိုဝင်ဘာ ၁၇ ရက်နေ့မှစ၍ နေပြည်တော်၌ ကျင်းပပြုလုပ်သွားမည်ဟုသိရသည်။ အစည်းအဝေးတွင်း လက်ရှိ ဖြစ်ပွားနေသော တိုက်ပွဲများနှင့် ပတ်သက်၍လည်း တင်ပြတောင်း ဆိုသွားမည်ဖြစ်သည်ဟု PNLO မှ ဦးခွန်မြင့်ထွန်းကဆိုသည်။ အစည်းအဝေးသို့အစိုးရဘက်မှ ဒုသမ္မတဒေါက်တာစိုင်းမောက်ခမ်း ဦးဆောင်သည့် ကိုယ်စားလှယ်ရှစ်ဦး တက်ရောက်မည်ဖြစ်ကာ တိုင်းရင်းသားများဘက်မှ လက်မှတ်ရေးထိုးထားသည့်အဖွဲ့ရှစ်ဖွဲ့မှ ကိုယ်စားလှယ် စုစုပေါင်းရှစ်ဦး တက်ရောက်မည်ဖြစ်သည်။ အစိုးရ တပ်မတော်နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP/ SSA) တို့ နိုဝင် ဘာ ၁၄ ရက်နေ့က ရှမ်းပြည်နယ် ဝမ်စောမြို့အနီး တိုက်ပွဲများဖြစ် ပွားခဲ့သည်ဟုသိရသည်။ နှစ်ဖက်တပ်ဖွဲ့အကြား အောက်တိုဘာလ ၆ ရက်နေ့မှစတင်ကာ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လက်ရှိ အချိန်အထိ တိုက်ပွဲပေါင်း ၇၀ ကျော် ဖြစ်ပွားခဲ့ပြီးဖြစ်သည်။ |
| ၁၈ | ၁၅.၁၁.၁၅ | The Messenger Pg (9) | ငြိမ်းချမ်းရေး | **ဒေါ်အောင်ဆန်းစုကြည်သည် ပင်လုံကတိကဝတ်များကို လုပ် ဆောင်ပေးနိုင်လိမ့်မည်ဟု UNFC ဆို**<br>နိုင်ငံတည်ဆောက်ရေးအတွက် ဒေါ်အောင်ဆန်းစုကြည် နှင့် UNFC တို့ အမြင်တူညီကြောင်းနှင့် ဒေါ်အောင်ဆန်းစုကြည် သည် ဗိုလ်ချုပ်အောင်ဆန်း သမီးဖြစ်သောကြောင့် ပင်လုံကတိ ကဝတ်များကို လုပ်ဆောင်ပေးနိုင်မည်ဟု ယုံကြည်ကြောင်း UNFC ဒုဥက္ကဋ္ဌ ဦးနိုင်ဟံသာက ပြောသည်။ NLD အနေဖြင့် အာဏာရ လာပါက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ပိုမိုအကောင်အ ထည်ဖော်နိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း၊ တိုင်းရင်းသားစည်း လုံးညီညွတ်ရေးကို မတည်ဆောက်နိုင်ပါက ဒီမိုကရေစီကိုလည်း တည်ဆောက်၍ရမည်မဟုတ်ကြောင်း နိုင်ဟံသာက ပြောသည်။ |
| ၁၉ | ၁၆.၁၁.၁၅ | 7 Day Daily No (919) p (24) ပြည်မြန်မာ အတွဲ (၃) | Other | **ပြည်မြို့တစ်ဖက်ကမ်း ပရဟိတ တောင်ကုန်းတွင် ဘာသာပေါင်းစုံ ငြိမ်းချမ်းရေးကျောက်စာတိုင် စိုက်ထူ**<br>ပြည်မြို့တစ်ဖက်ကမ်း ပန်းတောင်းမြို့နယ် ရွှေဘုံသာ ကျေးရွာအုပ်စုရှိ ပရဟိတ တောင်ကုန်းပေါ်တွင် နိုဝင်ဘာ ၁၅ ရက် ဘာသာပေါင်းစုံ ငြိမ်းချမ်းရေးပရဟိတ ကျောက်စာတိုင်စိုက်ထူခဲ့ |

| | | | | |
|---|---|---|---|---|
| | | အမှတ် (၄၉) p (16) စံတော်ချိန် အတွဲ (၃) အမှတ် (၉၃၆) p (4) Democracy Today အတွဲ (၂) အမှတ် (၃၀၀) p (11) | | ကြောင်း သိရသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ငြိမ်းချမ်းစွာနေထိုင်နိုင်ရေးအတွက် ရည်ရွယ်ပြီး နာရေးကူညီမှုအသင်းရန်ကုန် ဥက္ကဋ္ဌ ဦးကျော်သူ တည်ထားကိုးကွယ်သည့် မဟာပဏ္ဍိတပရဟိတ အောင်တော်မူစေတီတော်မြတ်ကြီး၏ တောင်ဘက်ရှိ အောင်မြေတွင် ဘာသာပေါင်းစုံနှင့် ပရဟိတ အသင်းအဖွဲ့များ တက်ရောက် ဖွင့်လှစ်ခဲ့သည်။ ယင်းအခမ်းအနားတွင် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာနှင့် အစ္စလာမ်ဘာသာရေးခေါင်းဆောင်များက ငြိမ်းချမ်းရေးစကားများဆိုခဲ့သည်။ ယင်းကျောက်စာတိုင်တွင် ဦးကျော်သူ ငြိမ်းချမ်းရေး စာသားပရဟိတ ဥဒါန်းကျောက်စာများပါဝင်ပြီး ပင်မ လက်သဏ္ဍာန်တစ်ခုအား ဘာသာကြီးလေးမျိုးကို ကိုယ်စားပြုသည့် လက်လေးချောင်းမှ ယှက်ဖြာ ဆက်နွယ်ထားသည့် ပုံသဏ္ဍာန်ဖြင့် ပုံဖော်ထားသည်။<br>ဖော်မင်းထိုက် |
| ၂၀ | ၁၆.၁၁.၁၅ | The Voice Daily Vol (3) No (190) p (1,12) The Messenger p (11) Daily Eleven p (3) | Other | **အစာငတ်ခံ တိုက်ပွဲဝင်မှု ရပ်တန့်ပေးရန် မေတ္တာရပ်ခံမှုကို လေးစားသော်လည်း ဆက်လက် အစာငတ်ခံ ဆန္ဒပြမည်**<br>မြန်မာနိုင်ငံ အကျဉ်းထောင်များမှ နိုင်ငံရေးအကျဉ်းသားများ ပြန်လွှတ်ပေးရန် သာယာဝတီအကျဉ်းထောင်တွင် အစာငတ်ခံဆန္ဒပြသူများအနေဖြင့် အစာငတ်ခံ တိုက်ပွဲဝင်မှုကိုရပ်တန့်ပေးရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဦးဝင်းထိန်က နိုဝင်ဘာ ၁၄ ရက်က ပြောသော်လည်း အစာငတ်ခံဆန္ဒပြမှုကို ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂအဖွဲ့ချုပ် သတင်းနှင့် ပြန်ကြားရေးတာဝန်ခံ ကိုရဲရင့်ကျော်က ပြောသည်။ အမျိုးသားပညာရေးဥပဒေ ပြင်ဆင်ပေးရန် တောင်းဆိုဆန္ဒပြမှုကြောင့် ကျောင်းသားနှင့် ဝန်းရံသူ ၅၂ ဦးနှင့် ကျောင်းသူ ၆ ဦး ဖမ်းဆီးထားရပြီး တရားလို ရဲမှူးဖုန်းမြင့်က ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၁၄၃/၁၄၅/၁၄၇/၃၃၂/၅၀၅ (ခ) ဖြင့် တရားစွဲဆိုထားသည်။<br>မင်းမင်းအောင် |
| ၂၁ | ၁၆.၁၁.၁၅ | Daily Eleven p (16) | Other | **ငါးနှစ်အရွယ် ကလေးငယ်တစ်ဦးအား လိင်ပိုင်းဆိုင်ရာ ပြုကျင့်မှု စစ်တွေတွင် ဖြစ်ပွားခဲ့**<br>ငါးနှစ်အရွယ် ကလေးငယ်တစ်ဦးအား လိင်ပိုင်းဆိုင်ရာ ပြုကျင့်မှု နိုဝင်ဘာ ၁၅ ရက် ၅ နာရီခွဲက စစ်တွေမြို့တွင် စက်ရုံစုရပ်ကွက် (မီးလောင်ကွင်း) တွင် နေထိုင်သော ငါးနှစ်အရွယ် ကလေးငယ်အား အိမ်နီးချင်းဖြစ်သူ အသက် ၅၀ နှစ် အရွယ်ရှိ (တပ်ပြေးတစ်ဦးဖြစ်သူ) က အဓမ္မပြုကျင့်မှုဖြစ်ခဲ့ကြောင်း သိရသည်။ ထို့ကြောင့် စစ်တွေမြို့ ရဲစခန်းရှေ့တွင် လူစုဝေးမှုဖြစ်ပွားခဲ့ပြီး ယင်းအမှုနှင့် ပတ်သက်၍ စစ်တွေမြို့မ ရဲစခန်းမှ (ပ) ၂၃၄/ |

| | | | | |
|---|---|---|---|---|
| | | | | ၂၀၁၅၊ ဉပဒေပုဒ်မ ၃၇၆/၃၇၇ အရ အရေးယူထားကြောင်း သိရသည်။<br>သန်းလှိုင် (စစ်တွေ ) |
| ၂၂ | ၁၅.၁၁.၁၅ | DEMOCRACY Today အတွဲ (၂) အမှတ် (၃၀၉) Pg (7) | Other | **အာရဗီဘာသာဖြင့် ရေးသားပါရှိသည့် ပြက္ခဒိန်မှာ အစိုးရသစ်အလှည့်အပြောင်း နေရာဝင်ယူနိုင်သည့် ကစကားကွက်ဖြစ်နိုင်ဟု ရခိုင်လူမှုကွန်ရက် သုံးသပ်**<br>မြန်မာ၊ အင်္ဂလိပ်နှင့် အာရဗီ သုံးဘာသာဖြင့် ပါရှိသည့် ပြက္ခဒိန်များ လူမှုကွန်ရက်တွင် ပျံ့နှံ့လျက်ရှိပြီး ယင်းကို စစ်တွေမြို့ပေါ်တွင် မတွေ့ရကြောင်းနှင့် အစိုးရသစ်တစ်ခု အလှည့်အပြောင်း၌ နေရာတစ်နေရာရရှိရေးအတွက် ဘင်္ဂါလီများ၏ နိုင်ငံရေးကစားကွက်ဖြစ်နိုင်ကြောင်း စစ်တွေရခိုင်လူမှုကွန်ရက်မှ ကိုသူရိန်က ပြောသည်။ ယင်းပြက္ခဒိန်တွင် ဦးခင်အောင် (စစ်တွေ) ၏ “**သားကောင်**” သတင်းစုံဂျာနယ်ဆိုသည့် စာသားပါရှိသည်ဟု ဆိုသည်။ အစိုးရအလှည့်အပြောင်း ကြားကာလတွင် နေရာတစ်နေရာအတွက် အခိုင်အမာတိုက်ပွဲဝင်သည့်သဘောဖြစ်နေသည်ဟု ကိုသူရိန်က ဆိုသည်။ စစ်တွေမြို့ပေါ်တွင် ယင်းပြက္ခဒိန်များကို မတွေ့ရဘဲ ဘင်္ဂါလီများ စုဝေးနေထိုင်သည့်နေရာ၌သာ ဖြန့်ဝေခြင်းဖြစ်နိုင်သည်ဟု ၎င်းက သုံးသပ်ပြောကြားသည်။<br>TS |

## ONLINE NEWS

## THURA U SHWE MANN

### အမတ်တွေ သစ္စာရှိရှိ အလုပ်ဆက်လုပ်ရန် ဦးရွှေမန်း သတိပေး

16.11.2015

ရွေးကောက်ပွဲတွင် ရှုံးနိမ့်သော် လည်း ကျန်ရှိသည့် လွှတ်တော်သက်တမ်း အတွင်း စေတနာပါပါ၊ သစ္စာရှိရှိ ဖြင့် အလုပ်လုပ်ကြရန် ရွေးကောက်ပွဲတွင် ကိုယ်တိုင်ရှုံးနိမ့်ခဲ့သည့် သူရဦးရွှေမန်းက နိဝင်ဘာ ၁၆ရက်တွင်သတိပေးပြောဆိုလိုက်သည်။ လက်ရှိ လွှတ်တော်သက်တမ်းသည် ၂၀၁၆ခုနှစ်၊ ဇန်နဝါရီ ၃၀ရက်တွင် ကုန်ဆုံးမည်ဖြစ်ပြီး နှစ်လခန့်သာလိုတော့သည်။နောက်လွှတ်တော်သက်တမ်းတွင်အရည်အချင်း၊ အရည်အသွေး ပိုကောင်းလာရန် လက်ရှိလွှတ်တော်အမတ်များအနေဖြင့်လမ်းခင်းပေးကြရမည်ဖြစ်ပြီးဆောင်ရွက်ရမည့်ကိစ္စများကို စေတနာပါပါ၊ သစ္စာရှိရှိ တာဝန်ကျေကျေ ဆက်လက်ဆောင်ရွက်သွားကြရမည် ဟု  အမတ်များကို ပြောသည်။ ရွေးကောက်ပွဲများအောင်မြင်စွာ ကျင်းပနိုင်ခြင်းကြောင့် ရွေးကောက်ပွဲ ကော်မရှင်၏ ဂုဏ်သိက္ခာ၊ အစိုးရနှင့် တိုင်းပြည်၏ ဂုဏ်သိက္ခာတို့ကို မြင့်မားစေသည်ဟုလည်း သူရဦးရွှေမန်းက ဆိုသည်။  မင်းမင်း

http://mizzimaburmese.com/article/7460#sthash.O0lbQMt1.dpuf

## DAW AUNG SAN SU KYI

## အစိုးရအသစ် ဖွဲ့စည်းရာတွင် လူမှန်နေရာမှန် ဖြစ်ရေးကို အဓိကထား ဆောင်ရွက်သွားမည်ဟု ဒေါ်အောင်ဆန်းစုကြည် ပြော

16.11.2015

NLD ပါတီ အနေဖြင့် ဦးဆုံး ပထမ ဆောင်ရွက်မည့် ကိစ္စရပ် မှာ အုပ်ချုပ်ရေး အပြောင်း အလဲ လုပ်ဆောင်ရမည် ဟု ဒေါ်အောင်ဆန်းစုကြည်ကပြောကြားသည်။ရွေးကောက်ပွဲရလဒ်အကောင်အထည်ဖော်ခြင်း၊ရွေးကောက်ပွဲမှတစ်ဆင့် ထုတ်ဖော် ခဲ့သည့် ပြည်သူ့ဆန္ဒကို လေးစား လိုက်နာပြီး အကောင်အထည် အဖော်ခြင်း သည် ပထမဆုံး အကြီးဆုံး ပြောင်းလဲမှုကြီးဖြစ် လိမ့်မည်ဟု ဒေါ်အောင်ဆန်းစုကြည်က RFA သတင်းဌာန၏ ဒီမိုကရေစီခရီးကြမ်းအစီအစဉ်တွင် ပြောဆိုခဲ့ သည်။အစိုးရ၏ တာဝန်အရ မည်သည့် အချိန်ကာလ အတိုင်းအတာ အတွင်း မည်သို့ဆောင်ရွက် မည်ကို ပြည်သူလူထုကို ချပြရမည် ယင်းကိုလည်း စီမံကိန်းများဖြင့်အဖွဲ့ချုပ်မှ ဆွဲပေးထား သည်များ ရှိကြောင်းတိတိကျကျ အချိန်ကာလနှင့် အလုပ်ကို ချပြပေးရန် အစီအစဉ်များ ရှိပါသည် ဟု ဒေါ်အောင်ဆန်းစုကြည်ကပြောသည်။

ဇော်မင်းထွန်း

The Ladies News Journal

https://www.facebook.com/News.TheLadies

http://www.thithtoolwin.com/2015/11/blog-post_318.html

## NLD

## တရုတ်အစိုးရမှ မြန်မာနိုင်ငံဆိုင်ရာ မူဝါဒကို ပြန်လည်သုံးသပ်လျက် ရှိ

16.11.2015

NLD ပြတ်ပြတ်သားသားအနိုင်ရခဲ့သဖြင့် တရုတ်နိုင်ငံသည် မဟာဗျူဟာအကျိုးစီးပွားနှင့် မြန်မာနိုင်ငံရှိယင်း၏ တန်ဖိုးများစွာရှိသည့် ရင်းနှီးမြှုပ်နှံမှုများကို ကာကွယ်ရန် မြန်မာနိုင်ငံဆိုင်ရာ မူဝါဒကို ပြန်လည်သုံးသပ်လျက် ရှိသည်။အစိုးရသစ် တက်လာသော်လည်းမြန်မာနိုင်ငံသည် ဘေဂျင်းနှင့်ရင်းနှီးသည့် ဆက်ဆံရေးကိုဆက်လက် ထိန်းသိမ်းသွားမည်ဟု ယုံကြည်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဝန်ယီကပြောကြားခဲ့သည်။မြန်မာနိုင်ငံတွင်အဖွဲ့အစည်းများအားလုံးစုပေါင်းကာ နိုင်ငံဖွံ့ဖြိုးရေး လုပ်ဆောင်ကြပြီး တည်ငြိမ်သော ၊ ဟန်ချက်ညီသော ၊ ဖွံ့ဖြိုးသော ၊ ညီညွတ်သော နိုင်ငံအဖြစ် အိမ်နီးချင်းကောင်း အဖြစ် မြင်တွေ့လိုသည်ဟုဝန်ယီက နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်ကိုပြောကြားခဲ့သည်။မြန်မာနိုင်ငံအပေါ် ရင်းနှီးသည့် ဆက်ဆံရေးပြောင်းလဲမည် မဟုတ်ဟုကတိပြုကြောင်း နိုင်ငံပိုင်စင်ဟွာသတင်းဌာနကဖော်ပြသည်။ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပတ်သက်ပြီး  တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အမျိုးသားရင်ကြားစေ့ရေးကို ဆက်လက် ထောက်ခံသွားမည်ဟု ပြောကြားလိုက်ပြီး နယ်စပ်လုံခြုံရေးကို ပူးပေါင်းဆောင်ရွက် ရန်နှိုးဆော်ခဲ့သည်။တရုတ် နှင့် အမေရိကန် ကြား ဘက်လိုက် ခြင်း သည် မြန်မာ နိုင်ငံ အတွက် မဟာဗျူဟာ မြောက်  နေရာ နှင့် သယံဇာတ အားသာ ချက် ကို ဆုံးရှုံးနိုင်သည့် အန္တရာယ် ရှိသည် ဟု တရုတ် နိုင်ငံပိုင် ဂလိုဘယ်တိုင်း သတင်းစာ ပါ ဆောင်းပါးတစ်ပုဒ်တွင်  ဖော်ပြခဲ့သည်။ထိုဆောင်းပါးတွင် NLD နှင့် မြန်မာနိုင်ငံရေး ပါတီများအတွက် အစွန်းရောက်စရာအကြောင်းမရှိဘဲ မြန်မာအစိုးရသစ်သည် စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးရေးကိုသာ အာရုံစိုက်ဆောင်ရွက်သင့်ခြင်းဖြင့် တရုတ်၏ ထောက်ပံ့မှုများသည် အကူအညီဖြစ်စေမည် ဟု ဖော်ပြထားသည်။ KHTun

CDNH မှ ပြုစု ဖြန့်ဝေခြင်းဖြစ်ပါသည်။

The Ladies News Journal

https://www.facebook.com/News.TheLadies

http://www.thithtoolwin.com/2015/11/blog-post_753.html

## PEACE/ARM CONFLICT

15.11.2015

၁၅.၁၁.၂၀၁၅ တွင် မိုးညှင်းမြို့ အရှေ့ဘက်တောင်ကြောသို့ KIA အင်အား ၃၀၀ ခန့် ချဉ်းကပ်လာစဉ် လုံခြုံရေး ယူထားသော တပ်မတော်၏ နယ်မြေခံ လှုပ်ရှားစစ်ကြောင်း တစ်ခုနှင့် စတင်ထိတွေ့ တိုက်ပွဲဖြစ်ပွားခဲ့ပြီးတိုက်ပွဲများယခုထိအပြင်းအထန် ဖြစ်ပွားဆဲ ဖြစ်ပြီး စကခ ၃ လက်အောက်ခံ စစ်ကူ တပ်ရင်းများမှ စစ်ကူ ရောက်ရှိသွားပြီ မိုးညှင်းမြို့ ရှိ အမြောက်တပ်ဖွဲ့ များမှ တိုက်ပွဲဖြစ်ပွား ရာ တောင်ကြောသို့ အမြောက် ပစ်ကူများပစ်ခတ်လျက်ရှိသည်။မိုးညှင်းမြို့တွင် ၁၉၈၈ ခုနှစ် နိုဝင်ဘာလ၂၇ရက် ဆူပူမှုများ အရှိန်မသေသေးစ အချိန်တွင် KIA ၏ ဝင်ရောက်စီးနင်း မီးရှို့ ဖျက်ဆီး မှုကို ခံခဲ့ရဖူးသည်။

Ye Moe

## ရှမ်းလူမျိုးများ အများဆုံးနေထိုင်လျှက်ရှိသော မိုးညှင်းဒေသအား KIA မှ ချုပ်ကိုင်ရန်အတွက် ၎င်းဒေသတွင် တပ်မဟာ အသစ်ဖွဲ့စည်း

16.11.2015

ရှမ်းလူမျိုးများအများဆုံးနေထိုင်ပြီးကချင်လူမျိုးအနည်းငယ်သာရှိသောမိုးညှင်းဒေသအား KIA မှ ရှမ်းမြောက်ရှိတပ်မဟာ (၄) ကဲ့သို့ ရှမ်းလူမျိုးများအား ချုပ်ကိုင်ရန်အတွက် ၎င်းဒေသတွင် တပ်မဟာ(၈)ဆိုပြီးအစိုးရနှင့်သဘောတူစာချုပ်များကို စတင်ချိုးဖောက်ကာ အသစ်ထပ်မံ ဖွဲ့စည်း ခဲ့ သည်။ထိုသို့ တပ်မဟာ အသစ်ဖွဲ့စည်းခြင်း သည် KIA နှင့် အစိုးရတို့ (၂) ဘက်သဘောတူ ချုပ်ဆိုထားသော စာချုပ်များအား ချိုးဖောက်ခဲ့ပြီးပြည်နယ်အတွင်း ငြိမ်းချမ်းရေးကိုမလိုလားပဲပျက်ပြားစေရန် အထူးပေါ်လွင်နေပါသည်။ထိုဒေသသည်လည်း ကချင်အနည်းစုသာရှိပြီးရှမ်းလူမျိုးအများဆုံးနေထိုင်ရာအေးချမ်းတည်ငြိမ်နေသော ဒေသဖြစ်ပြီး တပ်မဟာသစ် တပ်ရင်းသစ်များကို တိုးချဲ့ဖွဲ့စည်း နေခြင်း ကို ဒေသခံ ရှမ်းလူမျိုး များမှ လက်မခံကြောင်း၊တပ်မဟာသစ် လာရောက်ဖွဲ့စည်းချိန်မှ စ၍ မိုးညှင်းဒေသ အတွင်း လူသစ်ဆွဲ၊ ဆက်ကြေး ကောက်၊ မြေမြုပ်မိုင်းဒဏ်များကို နေ့စဉ်နှင့်အမျှ ခံစားနေကြရသည်ဟု မိုးညှင်းဒေသခံမှ ပြောပြသည်။ By Htar Nay

## KIA ဗဟိုဌာနချုပ်နှင့် တပ်မဟာ (၅) မှ တပ်ကြပ်ကြီးအဆင့်ရှိသူများအပါအဝင်အဓမ္မလူသစ်စုဆောင်းခံရသူ (၁၁) ဦး လက်နက်မဲ့ အလင်းဝင်

16.11.2015

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၄ ရက်နေ့က မြစ်ကြီးနားမြို့နယ် ညောင်ပင်သာ စခန်းရှိ အစိုးရ တပ်ရင်း တစ်ရင်းသို့ KIA မှ စုစုပေါင်း (၁၁) ဦး အလင်းဝင်ရောက်ခဲ့ကြောင်း သိရှိရပါသည်။အလင်းဝင်လာသူ (၁၁) ဦးအနက် (၉) ဦးမှာရှမ်းလူမျိုးဖြစ်ပြီး ကျန် (၂) ဦးမှာ ကချင်လူမျိုး ဖြစ်သည်။ အလင်းဝင်ရောက်လာသူများသည် ဆင်ဘိုမြို့နယ် ညောင်ပင်သာရွာမှဖြစ်ပြီး ၎င်းတို့အားလုံးသည် KIA မှ အတင်းအဓမ္မ လူသစ်စုဆောင်းခြင်းခံကြရသော သူများဖြစ်သည်ဟု သိရသည်။

CDNH မှ ပြုစု ဖြန့်ဝေခြင်းဖြစ်ပါသည်။

By Htar Nay

ရန်ကုန်သတင်းစာမျက်နှာများ

## NLD

ရန်ကုန်သတင်းစာမျက်နှာများ

### NLD ပါတီတွင် သမ္မတဦးသိန်းစိန်ထက် အရည်အချင်းသာလွန်သူများရှိ ဖျာပုံခရိုင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသိမ်းဆွေ ပြော

10.11.2015

ရွေးကောက်ပွဲကျင်းပရာတွင် NLD မှ တစ်နိုင် ငံလုံး အတိုင်း အတာဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရာပြည်သူလူထု၏ထောက်ခံ ဆန္ဒမဲများစွာရရှိခဲ့ပြီး NLD ၏ရွေးကောက်ပွဲရလဒ်အပေါ်တွင် အစိုးရ ဖွဲ့စည်းနိုင်ရန် ယုံကြည်ကြောင်း၊ NLD ပါတီအစိုးရ ဖွဲ့နိုင်ပါက လက်ရှိ သမ္မတဦးသိန်းစိန်ထက် မညံ့သော၊ သာလွန်သော အရည်အချင်း ရှိသူများရှိ ကြောင်း ဧရာဝတီတိုင်း ဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေက နိုဝင်ဘာ ၈ ရက်တွင်ပြောကြား သည်။ မြန်မာသံတော်ဆင့်သတင်းဌာန

## OTHER

### ဒီချုပ် ရွေးကောက်ပွဲနိုင်ခြင်း၏ကောင်းကျိုး ပြည်ပရောက်မြန်မာလုပ်သားများ စတင်ခံစားရ

16.11.2015

ရွေးကောက်ပွဲတွင် ဒေါ်အောင်ဆန်းစုကြည်၏ NLD အနိုင်ရရှိမှုကြောင့်ဒေသတွင်းနိုင်ငံများသို့သွားရောက်အလုပ်လုပ် ကိုင်နေသော မြန်မာလုပ်သားများအပေါ် အလုပ်ရှင်များ ပြောဆိုဆက် ဆံမှုပြောင်းလဲလာပြီး လုပ်အားခ လစာတိုးမြှင့် ပေးမှုများ ရှိနေ ကြောင်း သတင်းရရှိသည်။ ထိုင်း၊ မလေးရှားနှင့် စင်ကာပူ နိုင်ငံတို့မှ အလုပ်ရှင်များ မှ NLD အနိုင်ရရှိ သွားကြောင်း သိရှိ၍ မြန်မာလုပ်သားများအပေါ် ဂုဏ်ပြုစကားများ ပြောကြားပြီး ဆက်ဆံမှုများလည်း ပြောင်းလဲလာခဲ့ ကြောင်း ယင်းနိုင်ငံများသို့ သွားရောက် လုပ်ကိုင်နေသောမြန်မာ လုပ်သားများက ပြောသည်။ ငြိမ်းချမ်း

http://www.7daydaily.com/story/51027

## RAKHINE NEWS

### ပါတီတွင်း လုပ်ကြံမှုများကြောင့် ဒေါက်တာ ဦးအေးမောင် ရှုံးနိမ့်ခဲ့ရခြင်းဟု ဆို

12.11.2015

မာန်အောင် မဲဆန္ဒနယ်တွင် ဉက္ကဌ Dr အေးမောင် ရှုံးနိမ့်ခဲ့ရခြင်းမှာ ပါတီတွင်း၊ ပါတီနှင့် ဆက်နွယ်သူများ၏ စနစ်တကျ လုပ်ကြံဖန်တီးမှုများ ကြောင့် ဟု ရခိုင်အမျိုးသားပါတီ ANP ရွေးကောက်ပွဲအောင်နိုင်ရေးအဖွဲ့ ခေါင်းဆောင်ဦးခိုင်ပြည်စိုး က RiA ကို ထုတ်ဖော်ပြောကြားလိုက်သည် ။ဆက်လက်ပြီး Dr အေးမောင်အားထောက်ခံသည့်  လူထုထောက်ခံပွဲတရပ် ကျင်းပနိုင်ရန် ဦးဆောင်ကော်မတီတရပ်အား နိုဝင်ဘာ ၁၅ ရက် တွင် စစ်တွေမြို့နယ်၊ အောင်မြေကုန်းကျောင်းတိုက်၌ ဖွဲ့စည်းခဲ့သည် ။RIA

CDNH မှ ပြုစု ဖြန့်ဝေခြင်းဖြစ်ပါသည်။